## ပါစကားကာလ စတုတ္ထတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၀း ၁ - ၁၀

ယနေ့ဟာ ကောင်းသောသိုးထိန်း တနင်္ဂနွေနေ့ဖြစ်သလို ခေါ်တော်မူခြင်းနေ့လည်း ဖြစ်ပါတယ်။ သခင်ယေရှုဟာ ရာဇဝတ်သားလို အသတ်ခံရပေမဲ့ သေရာမှပြန်ရှင်တော်မူခြင်းအားဖြင့် သခင်ယေရှု လုပ်ခဲ့သမျှ ၊ သခင်ယေရှု ဟောခဲ့သမျှ တရားတွေအားလုံးဟာ မှန်ကန်ကြောင်း သက်သေပြနေပါတယ်။ ယနေ့ ဖတ်ရတဲ့ ဒုတိယကျမ်းစာထဲမှာ သံပေတရုရေးသားထားသလို “သင်တို့သည် လမ်းပျောက်သောသိုးများကဲ့သို့ ဖြစ်ခဲ့ကြသော်လည်း ယခုအခါတွင် သင်တို့၏ဝိညာဉ်များကို ထိန်းသိမ်းစောင့်ရှောက်သူ၊ သင်တို့၏သိုးထိန်း ယေရှုဘုရားရှင်ထံသို့ ပြန်လာခဲ့ကြလေပြီ” ( ရှင်ပေတရု (ပ) ၂း၂၅)။ ဒါကြောင့် ယေရှုဘုရားရှင် ဖြစ်တော်မူတဲ့ သိုးထိန်းက ကျနော်တို့ကို ဘုရားသခင်ဆီရောက်အောင် လမ်းညွှန်ခေါ်ဆောင်နေပါတယ်။

အခုလို ဘုရားသခင်ဆီကို လမ်းညွှန်ခေါ်ဆောင်မှာက ကျနော်တို့ ဘာသာသူတွေကိုပဲ ခေါ်ဆောင်တာ မဟုတ်ပါဘူး။ လူအားလုံးကို ခေါ်ဆောင်နေတာဖြစ်ပါတယ်။ ဒါကြောင့် သံပေတရုမိန့်တော်မူထားတာက “ကတိတော်သည် သင်တို့နှင့် သင်တို့၏သားသမီးများအတွက်လည်းကောင်း၊ ငါတို့၏အရှင် ထာဝရဘုရားသခင်က မိမိအထံတော်သို့ ခေါ်တော်မူသည့် ဝေးလံသောအရပ်တွင် ရှိနေသောသူများအတွက်လည်းကောင်းဖြစ်၏။” အခုလို သံပေတရုက မိန့်တော်မူထားတာကို ကြည့်ခြင်းအားဖြင့် သိုးထိန်းတော်ရှင် ယေရှုဘုရားက လူအားလုံးအတွက် ကယ်တင်ပေးခြင်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့် ကျနော်တို့ ခရစ်ယာန်အသိုင်းအဝိုင်းမှာလည်း သိုးထိန်းတော်ရဲ့ အုပ်ထိန်းမှုအောက်မှာ ရှိကြတဲ့ သိုးစုဆိုတာက ဘုရားကျောင်းလာတဲ့ဘာသာသူတွေတင် မကပဲ ဘာသာပျက်နေတဲ့သူတွေရော၊ ဘာသာမတူတဲ့သူတွေရော အကုန်ပါဝင်ပါတယ်။ ဒီအချက်ကို သိစေချင်လို့ ယေရှုဘုရားရှင်က “ငါ၏သိုးခြံအတွင်းမှာ မပါဝင်သေးသောသိုးများ ငါ၌ ရှိသေး၏။” လို့ မိန့်တော်မူခဲ့ပါတယ်။

ဒါဆိုရင် ယေရှုဘုရားရှင်က လူတိုင်းဘဝရဲ့ သိုးထိန်းရှင် ဖြစ်ကြောင်း၊ လောကရဲ့ကယ်တင်ရှင်ဖြစ်ကြောင်း လူအားလုံးသိအောင် ဟောပြောနိုင်ဖို့ဆိုတာ ကျနော်တို့မှာ ဟောပြောချင်စိတ်၊ သက်သေခံချင်စိတ် ထက်သန်မှသာ ဖြစ်နိုင်မှာပါ။ လောကသားလူအားလုံးကလည်း ယေရှုဘုရားရဲ့ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ကြားချင်နေကြပါတယ်။ ဒါကြောင့် ယေရှုဘုရားရှင်က “ရိတ်သိမ်းစရာများစွာရှိ၏။ လုပ်ဆောင်သောသူတို့မူကား နည်းပါးကြ၏။” လို့ မိန့်တော်မူပါတယ်။ ကျနော်တို့ ကက်သလစ်ခရစ်ယာန်တွေက ယေရှုဘုရားရှင်ရဲ့ သိုးစုအစစ် ဟုတ်ရဲ့လား။ ဟုတ်တယ်ဆိုရင် သိုးထိန်းရှင် ယေရှုဘုရားရဲ့အသံကို နားထောင်တတ်ရမယ်၊ နားယဉ်နေရမယ်။ “သိုးတို့သည် သိုးထိန်း၏အသံကို နားထောင်တတ်၏။” တဲ့။ ကျနော်တို့ ကက်သလစ်ခရစ်ယာန်တွေက သိုးထိန်းရဲ့အသံ၊ ကျမ်းစာစကားကို နားထောင်တတ်ရမယ်။ ဒါမှသာ ကျနော်တို့ ကိုယ်တိုင်က အသိဉာဏ် တိုးပွါးလာမယ်၊ စိတ်နှလုံးမှာလည်း ဟောပြောသက်သေခံချင်တဲ့စေတနာစိတ်တွေ ရှိလာနိုင်မှာပါ။

လောကလူတွေကတော့ လောကရဲ့ ဆူညံတဲ့အသံတွေကိုပဲ နားယောင်နေပါလိမ့်မယ်။ ဒါကြောင့် ဘုရားရိတ်တရားရိတ်ကို မခံစားမိကြပါဘူး။ နောက်ဆုံး ဘုရားကို မေ့နေကြတော့တာပါပဲ။ မတရားမှုတွေ လုပ်နေကြတယ်။ ကိုယ်ဝန်ဖျက်ချနေကြတယ်။ ဂုဏ်ပကာသနကို တတ်မက်မောကြတယ်။ မျှော်လင့်ချက်မရှိ စိတ်ပျက်နေကြတယ်။ ချစ်ခြင်းမေတ္တာ မရှိ မုန်းတီးနေကြတယ်။

အခု အသင်းတော်ကြီးမှာ သိုးထိန်းကောင်းတွေ အများကြီး လိုအပ်နေပါတယ်။ လူတွေကို ဘုရားဆီရောက်အောင် လမ်းညွှန်ခေါ်ဆောင်ပေးနိုင်မည့် သိုးထိန်းကောင်းတွေ အရေးတကြီး လိုအပ်နေပါတယ်။ ဘုန်းကြီးဖြစ်ချင်တဲ့သူ၊ သီလရှင်ဖြစ်ချင်တဲ့သူ မရှိသလောက် ဖြစ်နေပါပြီ။ သူတပါးတွေကို သာသနာပြုနိုင်ဖို့ဆိုရင် ကိုယ့်ကိုယ်ကို အရင်ဆုံး သာသနာပြုရမှာ ဖြစ်ပါတယ်။ ကိုယ် ကိုယ်တိုင်က တရားပေါက်မှ သူတပါးကို တရားဟောနိုင်မှာပါ။ ကိုယ် ကိုယ်တိုင်က ဘုရားကို ချစ်မှသာ သူတစ်ပါးတွေကို အစေခံနိုင်မယ်၊ တရားလမ်းမှာ ဦးဆောင်နိုင်မှာပါ။

ဒါကြောင့် ကျနော်တို့ တစ်ဦးစီက သိုးထိန်းကောင်းဖြစ်တဲ့ယေဇူးဘုရားရှင်မှာ ကိုးကွယ်ဆည်းကပ်ပါ။ ယေဇူးဘုရားရှင် မိန့်တော်မူတာက "ငါသည် သိုးတို့ ဝင်သောတံခါးဝဖြစ်၏။ ငါအားဖြင့် ဝင်သောသူသည် ဘေးအန္တရာယ်ကင်းလွတ်မယ်၊ စားကျက်ကို တွေ့ရလိမ့်မယ်" တဲ့ ။ ယေဇူးဘုရားရှင်ရဲ့တရားတော်ကို ယုံကြည်စွာ ကျင့်ဆောက်တည်ပါ။ သင့်ဘဝဟာ လုံခြုံစိတ်ချရပါလိမ့်မယ်။

တစ်ခါတုန်းက (၁၀)ထပ်တိုက်ပေါ်မှာ ရှိတဲ့အခန်းရဲ့ ပြူတင်းပေါက်ကနေ အဖေက လေးနှစ်သားအရွယ်ရှိသူ့သားကို ဂျိုင်းကြားက မ ပြီး "ငါ့သားရေ မင်းကို အဖေက ပြူတင်းပေါက်ကနေ အောက်ကို လွှတ်ချလိုက်မယ်နော်။ မင်း မကြောက်ဘူးလား" လို့ မေးတဲ့အခါ သားလေးက "မကြောက်ပါဘူး။ လွှတ်ချချင် ချပေါ့" လို့ ပြန်ပြောလိုက်ပါတယ်။ ဒီတခါ အဖေက ကလေးကို လွှတ်ချဟန်လုပ်ပြီး "ငါတကယ် လွှတ်ချမှာနော်၊ ကြောက်လား" လို့ မေးတဲ့အခါလည်း သားလေးက "လွှတ်ချလိုက်ပေါ့ ၊ မကြောက်ပါဘူး။" လို့ ပြန်ပြောလိုက်ပြန်ရော။ ဒါနဲ့ အဖေက "ငါ နောက်ပြောင်နေတာ မဟုတ်ဘူးနော်။ တကယ်လွှတ်ချလိုက်မှာ" လို့ ပြောလည်း သားလေးကတော့ "မကြောက်ပါဘူး။ တကယ်လွှတ်ချလိုက်ပါ" လို့ ပြန်ပြောတယ်။ နောက်ဆုံး အဖေက " သားရေ မင်းက ဘာဖြစ်လို့ မကြောက်တာလဲ" လို့ မေးလိုက်တဲ့အခါ သားက ဘယ်လို ပြန်ဖြေသလဲဆိုတော့ " ကျနော် မကြောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်က အဖေ့လက်ထဲမှာလေ " တဲ့ ။

ကျနော်တို့ရဲ့ ဘဝအသက်တာကို ကောင်းသောသိုးထိန်းဖြစ်တော်မူတဲ့ ယေဇူးဘုရားရှင်ရဲ့ လက်တော်ထဲမှာ အပ်နှံထားရင် ဘာမျှ ကြောက်စရာ မရှိတော့သလို နောင်ထာဝရအတွက်လည်း လုံခြုံစိတ်ချရပါပြီ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။